လော်ဝေါ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
(ခါးလွယ်ကြက်ဖပါတီ)

(L.N.U.D.P)

၏

# အခြေခံစည်းမျဉ်းနှင့်ဖွဲ့စည်းပုံ

# နိဒါန်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံသားများ ဖြစ်ကြသော တိုင်းရင်းသားလူမျိုး (၁၃၅) မျိုးတွင်ပါဝင်သော လော်ဝေါ်အမျိုးသားတို့သည်လည်း အမိမြန်မာနိုင်ငံတော်ကြီးထာဝစဉ်ငြိမ်းချမ်း၍ သာယာဝပြောပြီး ခေတ်မှီဖွံ့ ဖြိုးတိုးတက်သော နိုင်ငံရေး၊ ဒီမိုကရေစီ ကျင့်စဉ်နှင့်လူ့အခွင့်အရေးကိုပြည်သူများ ရရှိခံစား နိုင်စေရေးအတွက် ကျရာအခန်း ကဏ္ဍမှ လက်တွဲပါဝင်ပူးပေါင်းကာ ဖေါ်ဆောင်နိုင်ရန် လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအား လေးနက်သော သန္နိဋ္ဌာန်စိတ်ဖြင့် ဖွဲ့စည်းခြင်းဖြစ်သည်။

လော်ဝေါ်တိုင်းရင်းသားအများစုမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးတို့တွင် ပြန့်နှံ့မှီတင်း နေထိုင်ကြပါသည်။

အနယ်နယ်အရပ်ရပ်မှ ပြည်ထောင်စုဖွား လော်ဝေါ်တိုင်းရင်းသားတို့သည် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး၊ လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးရေးပါတီတို့ဝင်ရောက်ပါဝင်စုစည်းပြီး နိုင်ငံတော်၏ တို့တာဝန်အရေးသုံးပါးကို အစဉ်ထိန်းသိမ်းရေး၊ တိုင်းရင်းသားအားလုံး စစ်မှန်သောမျိုးချစ်စိတ်ဓါတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊ အခြားတိုင်းရင်းသား လူမျိုးစုများနည်းတူ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်လာစေရေး စသည့်ပူးပေါင်းဆောင်ရွက်မှုများကို သန္နိဋ္ဌာန်ချကာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်အရေးတွင် ပါဝင်ဆောင်ရွက် အကောင်အထည်ဖေါ်သွားမည်ဖြစ်ပါသည်။

၄။ လူငယ်ကဏ္ဍ

(က) လူငယ်များအား နိုင်ငံ့ခေါင်းဆောင်ကောင်းများဖြစ်လာစေရေးအတွက် ပြုစုပျိုးထောင်ဆောင်ရွက်ပေးသွားမည်။

(ခ) နိုင်ငံ့ရေးရာနှင့် ကမ္ဘာ့ရေးရာအမြင်များကို ရရှိနိုင်ရန်ကြိုးပမ်း ဆောင်ရွက်မည်။

(ဂ) လူငယ်များအား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ် အသီးသီး အတွက် လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာစေရေးနှင့် သိပ္ပံနည်းပညာနယ်ပယ်တွင်ထူးချွန်ထက်မြက်သူများဖြစ်လာရေးကို အစဉ်ဂရုတစိုက်ပြုစုပျိုးထောင်ဆောင်ရွက်သွားမည်။

(ဃ) လူငယ်များအတွက်အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလာရေးနှင့် မိမိတို့၏အသိပညာ အတတ်ပညာနှင့်အညီ နိုင်ငံတကာနယ်ပယ်တွင် တိုးဝင်လုပ်ဆောင်နိုင်ရေးကို ဆောင်ရွက်သွားမည်။

(င) လူငယ်များအား မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်ရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထား ကာကွယ်စောင့်ရှောက်တတ်ရန်လမ်းညွှန်ဆောင်ရွက်ပေးသွားမည်။

(စ) နိုင်ငံတော်၏အကျိုးအတွက်လူငယ်ကွန်ယက်အဖွဲ့အစည်းများ ထူထောင်နိုင်ရေးကို အစဉ်ဆောင်ရွက်ပေးသွားမည်။



## အခန်း(၁)

## ပါတီ၏ယုံကြည်ချက်၊ ရည်ရွယ်ချက်

၂။ ယုံကြည်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးစုများအကြား လူမျိုးစွဲ၊ ဝါဒစွဲကင်းရှင်းပြီး တန်းတူညီမျှမှုရရှိခြင်း၊ တိုင်းရင်းသားများ အချင်းချင်း အပြန်အလှန်လေးစား၍ တန်ဖိုးထားခြင်း၊ ပြည်ထောင်စုအတွင်း စစ်မှန်သောထာဝရငြိမ်းချမ်းရေးရရှိခြင်းများရှိမှသာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဟု အလေးအနက်ယုံကြည်ပါသည်။

၃။ ရည်ရွယ်ချက်။

ပါတီ၏ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကိုအစဉ်ထိန်းသိမ်းမည်။

(ခ) တိုင်းရင်းသားလူမျိုးများအားလုံး၏ အခြေခံရပိုင်ခွင့်နှင့် လူ့အခွင့်အရေးများကိုပြည့်ပြည့်ဝဝ ရရှိနိုင်ရေးဆောင်ရွက်မည်။

(ဂ) တောင်တန်း၊မြေပြန့်မခွဲခြားဘဲ တိုင်းရင်းသားလူမျိုးများအတွင်း တန်းတူရည်တူအခွင့်အရေးရရှိအောင်ဆောင်ရွက်မည်။

(ဃ) နိုင်ငံတော်၏ တရားဥပဒေ စိုးမိုးရေးတွင် ပါဝင်ပူးပေါင်းဆောင်ရွက်မည်။

(င) အဂတိလိုက်စားမှုနှင့်အကျင့်ပျက် ခြစားမှုများကို တိုက်ဖျက်ဆောင်ရွက်မည်။

(စ) လော်ဝေါ်အမျိုးသားတို့၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ရာဇဝင်သမိုင်းများကို ဖေါ်ထုတ်၍စစ်မှန်သော မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်လာစေရန် ဆောင်ရွက်မည်။ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို မိမိတို့လူမျိုးများအကြား ပြန့်ပွားအောင် အစဉ်ဆောင်ရွက်မည်။

(ဆ) မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများစိုက်ပျိုးမှု၊ ထုတ်လုပ်မှု၊ ရောင်းဝယ်ဖေါက်ကားမှု၊ သုံးစွဲမှုတို့ကို အသိပညာပေးပြီး တိုက်ဖျက်ဆောင်ရွက်မည်။

(ဇ) မိမိတို့လော်ဝေါ်အမျိုးသားရေးကိုအခြေခံပြီး အခြားတိုင်းရင်းသားတို့၏ အခွင့်အရေးများ၊ ဒေသဖွံ့ဖြိုးတိုးတက်လာရေးနှင့်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အစွမ်းကုန်ပူးပေါင်းဆောင်ရွက်မည်။

## အခန်း(၂)
## ပါတီ၏အမည်၊ အလံနှင့်အမှတ်တံဆိပ်

၄။ <u>ပါတီ၏အမည်</u>

ပါတီ၏အမည်မှာ (Lhaovo Amyu" Zo: Dang: Qhain: Khyo we' Lhugma Khyo Mo,thaui: ) လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ Lhaovo National Unity and Development Party (LNUDP) ဖြစ်ပါသည်။



၂။ အလုပ်သမားကဏ္ဍ။

(က) လူမျိုး၊ဘာသာ၊ဒေသခွဲခြားခြင်းမရှိဘဲ အလုပ်လုပ်ကိုင်ခွင့်တွင် တန်းတူအခွင့်အရေးရရှိစေရမည်။

(ခ) ပြည်တွင်း၊ ပြည်ပရှိအလုပ်သမားတိုင်း တရားဥပဒေအရ အကာအကွယ်ရရှိစေရမည်။

(ဂ) အလုပ်သမားတိုင်းလုပ်ငန်းခွင်အတွင်း ထိခိုက်နစ်နာမှု တစ်စုံတစ်ရာရှိခဲ့ပါက တရားဥပဒေနှင့်အညီ နစ်နာကြေး၊ လျော်ကြေးခံစားခွင့်ရရှိစေရမည်။

(ဃ) အဓမ္မလုပ်အားပေးခိုင်းစေခြင်းမရှိစေရ။

(င) နိုင်ငံတကာလုပ်အားခနည်းတူ ခံစားခွင့်ရရှိစေရမည်။

၃။ အမျိုးသမီးကဏ္ဍ

(က) နိုင်ငံတော်၏ အခြေခံဥပဒေနှင့်အညီ အမျိုးသမီး၏ အခွင့်အရေးများကို ခံစားရရှိစေရမည်။

(ခ) ထူးချွန်ထက်မြက်သော အမျိုးသမီးများပေါ်ထွန်းလာရေးနှင့် အမျိုးသမီးများ၏လူနေမှုဘဝမြင့်တင်ရေး လုပ်ငန်းများကိုဆောင်ရွက်သွားမည်။

(ဂ) အမျိုးသမီးများအား မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်ရေး၊ အမျိုးသားယဉ်ကျေးမှု အစဉ်အလာထိန်းသိမ်းစောင့်ရှောက်ရေးနှင့် စွမ်းရည်တို့ကို ဆောင်ရွက်သွားမည်။

(ဃ) အမျိုးသမီးများ၏ လူမှုဘဝကဏ္ဍစုံ၌ တန်းတူရည်တူအခွင့်အရေး ခံစားနိုင်ရန် အကောင်အထည်ဖေါ်ဆောင်ရွက်သွားမည်။

(င) အမျိုးသမီးများအား လူကုန်ကူးမှုအန္တရာယ်မှကာကွယ်ရေးနှင့် ယင်းတို့အတွက်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်။

## အခန်း(၆)
## အခြေခံစည်းမျဉ်းကို ပြင်ဆင်ခြင်းနှင့်အထွေထွေကဏ္ဍ

၁၅။ ပါတီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကိုပြင်ဆင်ခြင်း။

(က) နိုင်ငံတော်၏ ပြောင်းလဲဖြစ်ပေါ်နေသောအခြေအနေ အချိန်အခါနှင့် အညီဖွဲ့စည်းပုံ၊ အခြေခံစည်းမျဉ်းကိုပြင်ဆင်လိုပါက ပါတီညီလာခံ၌ ဆန္ဒခံယူဆုံးဖြတ်ရမည်။

(ခ) တက်ရောက်ကိုယ်စား၏ မဲဆန္ဒ(၇၅%)နှုန်းထောက်ခံမှသာ ပြင်ဆင်ချက် ပြုသွားရမည်။

၁၆။ အထွေထွေကဏ္ဍ။

၁။ တောင်သူလယ်သမားကဏ္ဍ

(က) လယ်ယာစိုက်ပျိုးလုပ်ကိုင်သော တောင်သူလယ်သမားအားလုံးသည် ဥပဒေနှင့်အညီမြေယာပိုင်ဆိုင်ခွင့်၊ ပေါင်နှံခွင့်၊ လွှဲပြောင်းခွင့်၊ ရောင်းချခွင့်၊ သီးစားချထားပိုင်ခွင့်ရှိစေရမည်ဟု ပြဌာန်းချက်အားအကောင်အထည် ဖေါ်ရာ၌ စွမ်းစွမ်းတမံဆောင်ရွက်သွားမည်။

(ခ) လယ်ယာထွက်ကုန်ပစ္စည်းများကို ဈေးကွက်စီးပွားရေးနှင့်အညီ လွတ်လပ် စွာသယ်ယူပို့ဆောင်ရောင်းချခွင့်ရှိစေရမည်။

(ဂ) လယ်ယာလုပ်ငန်းများအတွက် ကာလတို၊ ကာလရှည်ချေးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ရရှိခံစားနိုင်စေရန်စီစဉ်ဆောင်ရွက်မည်။

(ဃ) စိုက်ပျိုးရေးအတွက် ခေတ်မီစက်ကိရိယာအလုံအလောက်အသုံးပြုနိုင်ရေး၊ စိုက်ပျိုးရေးနည်းပညာတိုးတက် မြင့်မားလာစေရေးတို့ကို ဆောင်ရွက် သွားမည်။



၅။ <u>ပါတီ၏အလံ</u>

ပါတီ၏အလံအရွယ်အစားမှာ အလျား(၅)ပေနှင့်အနံ(၃)ပေရှိပြီး အရောင်(၃)ရောင်အောက်ခံဖြစ်၍ အလယ်တွင် လော်ဝေါ်ရိုးရာဓါးလွယ် (ဋဘမ်ဗျော်)နှင့် အလံ၏လက်ဝဲဘက်ထိပ်တွင် ငါးထောင့်ကြယ်ဖြူတစ်လုံး ပါရှိသည်။

၆။ <u>ပါတီအလံ၏အဓိပ္ပါယ်ဖွင့်ဆိုချက်</u>

ပါတီအလံ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) အပေါ်အရောင်မှာ အပြာရောင်ဖြစ်၍ ငြိမ်းချမ်းခြင်း၊ သာယာဝပြော ခြင်းကိုပုံဖေါ်သည်။



(ခ) အလယ်အရောင်မှာအမည်းရောင်ဖြစ်ပြီး တည်ကြည်ခြင်း၊ ခန့်ညားခြင်း၊ ဂုဏ်သိက္ခာရှိခြင်းတို့ကိုပုံဖေါ်သည်။

(ဂ) အောက်အရောင်မှာအစိမ်းရောင်ဖြစ်၍စိမ်းလန်းစိုပြေခြင်း၊ ရှင်သန်ခြင်း၊ အေးမြခြင်းကိုပုံဖေါ်သည်။

(ဃ) ရိုးရာဓါးလွယ် (ဋဘမ်ဗျော်)ပုံသည် လော်ဝေါ်အမျိုးသားတို့ကို ကိုယ်စား ပြုသော အမှတ်သင်္ကေတဖြစ်ပြီး အနီရောင်သည်ရဲရင့်ခြင်း၊ သတ္တိရှိခြင်း၊ နိုးကြားတက်ကြွခြင်းတို့ကိုပုံဖေါ်သည်။

(င) လက်ဝဲဘက်ထိပ်ရှိကြယ်ဖြူတစ်လုံးသည် ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံးတစ်စည်း တစ်လုံးတည်းရှိသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကိုပုံဖေါ်သည်။

(စ) အောက်ခံအရောင်(၃) ရောင်ထားရှိခြင်းမှာ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားခြင်းကို ပုံဖေါ်သည်။

၇။ <u>ပါတီ၏အမှတ်တံဆိပ်</u>

ပါတီ၏အမှတ်တံဆိပ်မှာ အနီရောင် လော်ဝေါ်အမျိုးသားရိုးရာခါးလွယ်နှစ်ခုကြားမှာ ကြက်ဖတွန်နေပုံပါရှိသည်။




၈။ ပါတီ၏ရိုးရာတံဆိပ်ဝိုင်းမှာ အချင်း(၁. ၅)လက်မရှိ၍ အောက်ပါပုံစံအတိုင်းဖြစ်သည်။ အောက်ဘက်(ဌာနချုပ်)အစား မိမိသက်ဆိုင်သောရုံး၊ ဌာနအမည်အား ထည့်သွင်းသွားရန်ဖြစ်သည်။





၆။ စည်းရုံးရေးတာဝန်ခံ၏လုပ်ငန်းတာဝန်များ။

(က) ပါတီဗဟိုအလုပ်အမှုဆောင်၏ နယ်မြေဒေသပါတီ၏ စည်းရုံးရေးလိုအပ်မှုများအားသာချက်၊ အားနည်းချက်များကို မှတ်တမ်းတင်ခြင်းပြုလုပ်ထားပြီး အချိန်နှင့်တပြေးညီဖြေရှင်း စည်းရုံးကာအောင်မြင်ရေးအတွက် တာဝန်ခံဆောင်ရွက်ရမည်။

(ခ) ပါတီ၏စည်းရုံးရေးအသုံးစရိတ်ကို အချိန်နှင့်တပြေးညီ ဖြစ်မြောက်အောင် စီမံချက်ရေးဆွဲတင်ပြရမည်။

၇။ သတင်းပြန်ကြားရေးအဖွဲ့၏လုပ်ငန်းတာဝန်များ။

ပါတီအောင်နိုင်ရေးအတွက် အထောက်အကူပြု အခြေခံနယ်မြေ၏ သတင်းအချက်အလက်များကို နေ့စဉ်ညစဉ် ရယူမှတ်တမ်းတင်ပြီး ရေးချကာ အရေးတယူ အချိန်မီ လိုအပ်သလို ပြန်ကြားခြင်း၊ ထုတ်ပြန်ခြင်း၊ နယ်ဆင်းဆွေးနွေးရှင်းလင်းခြင်း ဆောင်ရွက်ရမည်။

၈။ စာရင်းစစ်အဖွဲ့၏လုပ်ငန်းတာဝန်

(က) စာရင်းစစ်အဖွဲ့သည် ပါတီ၏ငွေရေးကြေးရေးများကို စနစ်တကျသုံးစွဲထိန်းသိမ်းနိုင်ရေးအတွက် လိုအပ်သလို ငွေစာရင်းကို စီစစ်ပြုစုသွားရမည်။

(ခ) ဗဟိုရုံးလုပ်ငန်းအဖွဲ့၏လုပ်ငန်းတာဝန်

ဗဟိုရုံးလုပ်ငန်းအဖွဲ့သည် မိမိတို့ပါတီရုံးဌာန အားလုံး၏လုပ်ငန်းလည်ပတ်အောင်မြင်နိုင်ရေးအတွက် ဦးထိပ်ထားကာ ကျရာတာဝန်ကျေပြွန်အောင်ထမ်းဆောင်သွားရမည်။

(က) ဒုတိယဥက္ကဋ္ဌသည် ဥက္ကဋ္ဌကို တာဝန်ခံရမည်။

(ခ) ဥက္ကဋ္ဌအကြောင်းတစ်ခုခုကြောင့် ယာယီပျက်ကွက်လာလျှင် ဥက္ကဋ္ဌတာဝန်ကိုပူးတွဲထမ်းဆောင်ရမည်။

၃။ အထွေထွေအတွင်းရေးမှူး၏လုပ်ငန်းတာဝန်

(က) အထွေထွေအတွင်းရေးမှူးသည် ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီကို တာဝန်ခံရမည်။

(ခ) အထွေထွေအတွင်းရေးမှူးသည် အတွင်းရေးမှူးများ၊ ဗဟိုရေးရာကော်မတီများ၊ ဗဟိုလုပ်ငန်းအဖွဲ့အစည်းများကို ကြီးကြပ်လမ်းညွှန်ရမည်။

(ဂ) ပါတီစည်းရုံးလှုပ်ရှားမှု၊ ပညာပေးမှု၊ စီမံခန့်ခွဲမှုလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

(ဃ) ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ဆုံးဖြတ်ချက်အကောင် အထည်ဖေါ်ရာတွင် အစအဆုံးဖြစ်မြောက်အောင် တာဝန်ယူ ဆောင်ရွက်ရမည်။

(င) ရုံးစာရင်းဖိုင်တွဲများကို စနစ်တကျပြုစု၍ ထိန်းသိမ်းထားရှိရမည်။

၄။ တွဲဖက်အထွေထွေအတွင်းရေးမှူး၏လုပ်ငန်းတာဝန်

အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ကော်မတီကို အထောက်အကူပြုစေပြီး ပေးအပ်သောတာဝန်ကို လိုအပ်သလို ထမ်းဆောင်ရမည်။

၅။ ငွေကြေးနှင့်ဘဏ္ဍာရေးတာဝန်ခံ၏ လုပ်ငန်းတာဝန်။

ပါတီ၏ဝင်ငွေ၊ ထွက်ငွေဘဏ္ဍာရေးအားလုံးကို ဘဏ်စာရင်းစာအုပ်ဖွင့်၍စနစ်တကျထိန်းသိမ်းသုံးစွဲသွားရမည်။



## အခန်း(၃)
## ပါတီ၏မူဝါဒသဘောထားများ

၉။ ပါတီ၏မူဝါဒ သဘောထားများမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) နိုင်ငံရေးမူဝါဒသဘောထား

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့်စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေးကို အစဉ်စောင့်ထိန်း ကျင့်သုံးသွားမည်။

၂။ နိုင်ငံတော်အတွင်း၌ သူတစ်ပါးအားထိခိုက်နစ်နာ ဆုံးရှုံးမှု မဖြစ်စေဘဲ လွတ်လပ်စွာပြုမူဆောင်ရွက်လုပ်ကိုင်နေထိုင်ခြင်း၊ ဖွင့်ဟဖေါ်ထုတ်ပြောဆိုရေးသားခြင်း၊ ကြံစည်တွေးတောခြင်း၊ သက်ဝင်ယုံကြည်ကိုးကွယ်ခြင်း၊ လွတ်လပ်စွာတီထွင် ဖန်တီးခြင်းစသည်တို့ကို ကျင့်သုံးခြင်းအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပါတီစုံဒီမိုကရေစီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်သွားမည်။

(ခ) စီးပွားရေးမူဝါဒသဘောထား

၁။ ခေတ်မီဖွံ့ဖြိုးတိုးတက်၍ လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးသွားမည်။

၂။ ဈေးကွက်စီးပွားရေးတွင်တိုင်းရင်းသား၊ နိုင်ငံသားလုပ်ငန်းရှင်များအား အခွင့်အရေးများ အပြည့်အဝရရှိအောင် ဆောင်ရွက်သွားမည်။

၃။ နိုင်ငံတကာမှ လုပ်ငန်းရှင်များကိုဖိတ်ခေါ်၍ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်။

၄။ ဒေသခံတိုင်းရင်းသားများ၏ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုး တိုးတက်ရေးနှင့် ဈေးကွက်ရရှိရေးအတွက် ကူညီဆောင်ရွက်သွားမည်။

၅။ စိုက်ပျိုးရေးကိုအခြေခံ၍ လိုအပ်သောစက်မှုလုပ်ငန်းများကို တိုးပွားလာအောင်ဆောင်ရွက်သွားမည်။

၆။ ဆင်းရဲမွဲတေမှုပြဿနာကို ပပျောက်သွားအောင်လုပ်ဆောင်သွားမည်။

(ဂ) ပညာရေးမူဝါဒ သဘောထား

၁။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာစေရန် အစဉ်တွန်းအားပေး ဆောင်ရွက်သွားမည်။

၂။ နိုင်ငံတကာပညာရေး စနစ်နှင့်စံနှုန်းမီအောင် အားပေးကူညီဆောင်ရွက်သွားမည်။

၃။ ပညာရည်ထူးချွန်သူများအား ဆုံးခန်းတိုင်အောင် သင်ကြားဆည်းပူးနိုင်ရေးအတွက် ဆောင်ရွက်သွားမည်။

၄။ မသင်မနေရ အခမဲ့ပညာရေး စနစ်ကို နိုင်ငံတကာ ပညာရေး အဆင့်ဖေါ်ဆောင်သွားမည်။

(ဃ) ကျန်းမာရေးမူဝါဒ သဘောထား

၁။ ပြည်သူလူထုများ၏ ကျန်းမာရေးစောင့်ရှောက်မှုကို ဆေးရုံကြီးမှ ဆေးပေးခန်းတိုင်အောင် အခမဲ့ဆေးဝါးထောက်ပံ့ခြင်းများ အပြည့်အဝခံစားနိုင်ရေးဆောင်ရွက်သွားမည်။

၂။ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ခေတ်မှီနည်းပညာ၊စက်ပစ္စည်းများနှင့်ကုသမှုပေးနိုင်ရန် ဆောင်ရွက်သွားမည်။

၃။ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်း၊ တိုင်းရင်းဆေးပညာကဏ္ဍကို အဆင့်အတန်းမြင့်မားစွာ ပေါ်ထွန်းလာအောင်ဆောင်ရွက်သွားမည်။



## အခန်း(၅)

### ပါတီ၏ပါတီဝင် စီစစ်လက်ခံခြင်းနှင့်လုပ်ငန်းတာဝန်များ

၁၃။ ပါတီဝင်များစီစစ်လက်ခံခြင်း။

(က) ပါတီဝင်များ စည်းရုံးဆောင်ရွက်ရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေအတိုင်း ဆောင်ရွက်သွားမည်။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့် ငြိစွန်းမှုမရှိသောသူဖြစ်ပြီး လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ နိုင်ငံရေးမူဝါဒ သဘောထားများနှင့် ပါတီ၏ဖွဲ့စည်းပုံ စည်းမျဉ်းစည်းကမ်းများကိုလက်ခံ ယုံကြည်သူ အမျိုးသား၊ အမျိုးသမီးမခွဲခြားဘဲ မိမိနေထိုင်ရာဒေသရှိပါတီကော်မတီ(သို့) စည်းရုံးရေးအဖွဲ့ထံ၌ သတ်မှတ်ထား သောပါတီဝင်ကြေးနှင့်တကွပါတီဝင်လျှောက်လွှာပုံစံဖြည့်သွင်း၍ ပါတီဝင်အဖြစ်လျှောက်ထားနိုင်ပါသည်။

၁၄။ ပါတီကော်မတီ၏ လုပ်ငန်းတာဝန်များ

ပါတီကော်မတီ၏ လုပ်ငန်းတာဝန်များမှာအောက်ပါ အတိုင်းဖြစ်သည်။

၁။ ဥက္ကဋ္ဌ၏လုပ်ငန်းတာဝန်

ဥက္ကဋ္ဌသည်ပါတီ၏ယုံကြည်ချက်၊ ရည်ရွယ်ချက်၊ မူဝါဒသဘောထားများနှင့်လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ဦးစီးအကောင်အထည်ဖေါ်ပြီးတာဝန်ခံရမည်။

၂။ ဒု-ဥက္ကဋ္ဌ၏လုပ်ငန်းတာဝန်

(ခ) ပါတီဗဟိုကော်မတီသည် ပါတီ၏စည်းမျဉ်း၊ စည်းကမ်း၊ ဖွဲ့စည်းပုံတို့ကို လိုအပ်ပါကပြင်ဆင်ခွင့်၊ ပြန်လည်ဖြည့်စွက်ခွင့်ရှိပြီး မိမိပါတီနှင့်သက်ဆိုင်သော လုပ်ငန်းအားလုံးတွင် လုပ်ပိုင်ခွင့်အရှိဆုံးနှင့် အမြင့်ဆုံးအဖွဲ့ဖြစ်သည်။

(ဂ) ပါတီညီလာခံကို တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ်ခေါ်ယူရမည်။ ဗဟိုကော်မတီအဖွဲ့ဝင်၏သုံးပုံနှစ်ပုံ (၇၅%) တက်ရောက်မှသာ ပါတီညီလာခံ အထမြောက်သည်။

၁၂။ ပါတီ၏စည်းမျဉ်းစည်းကမ်း

ပါတီ၏စည်းမျဉ်းစည်းကမ်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ပါတီဝင်များသည်နိုင်ငံရေးမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေပြဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ခ) ပါတီဝင်များသည် တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲပြားစေသော အပြောအဆို၊ အပြုအမူ၊ အရေးအသားတို့ကိုရှောင်ကြည်ပြီး အပြန်အလှန် လေးစားကူညီရိုင်းပင်းကြရမည်။

(ဂ) ပါတီညီလာခံနှင့်ဗဟိုကော်မတီ အခါအားလျော်စွာထုတ်ပြန်သည့်အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းများကိုလိုက်နာရမည်။

(ဃ) ပါတီဝင်များအချင်းချင်း ချစ်ခင်လေးစားပြီး အားပေးကူညီစောင့်ရှောက်ရမည်။

(င) ပါတီဝင်တိုင်းသည် လစဉ်ပါတီဝင်ကြေးတို့ကိုထည့်ဝင်နေရမည်။

(စ) ပါတီဝင်တိုင်းသည် တိုင်းသူပြည်သား အကျိုးကို အမျိုးသားရေး တာဝန်အဖြစ်သတ်မှတ်ပြီး ကြိုးပမ်းဆောင်ရွက်ရမည်။

(ဆ) ပါတီ၏စည်းမျဉ်းစည်းကမ်းများကို ဖေါက်ဖျက်ခဲ့ပါက ပါတီကော်မတီ၏ အရေးယူခြင်းကိုခံရမည်။

(ဇ) ပါတီပိုင်ပစ္စည်းများကိုထိန်းသိမ်းခြင်း၊ စာရင်းများကို စနစ်တကျပြုစုဆောင်ရွက်ထားရှိခြင်းတို့ကို ပါတီ၏အလုပ်အမှုဆောင်ကော်မတီတိုင်းမှ ဥက္ကဋ္ဌ (သို့) အတွင်းရေးမှူးတို့က တာဝန်ယူဆောင်ရွက်ရမည်။



၄။ မြို့ပြနှင့်ကျေးလက်ကျန်းမာရေး စောင့်ရှောက်မှုကွာဟချက် မရှိရလေအောင်ဆောင်ရွက်သွားမည်။

(င) လူမှုရေးမူဝါဒ သဘောထား

၁။ တိုင်းရင်းသားတို့၏အခွင့်အရေးနှင့် ရပိုင်ခွင့်များကို အစဉ်ခံစား ရရှိအောင် ကြိုးပမ်းဦးဆောင်သွားမည်။

၂။ တိုင်းရင်းသား၊တို့၏ အခွင့်အရေးနှင့်ရပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်စွာတောင်းဆိုခြင်း၊ ရွေးချယ်ပိုင်ခွင့်ရှိခြင်း၊ ယုံကြည်ကိုးကွယ်ခွင့်ရှိခြင်းများအတွက် အစဉ်ဆောင်ရွက်သွားမည်။

၃။ တိုင်းရင်းသားများ၏ လူမှုကိစ္စအဝဝကို နိုင်ငံတော်၏အရေးကိစ္စကဲ့သို့ အလေးထား ဆောင်ရွက်သွားမည်။

(စ) ဘာသာရေးမူဝါဒ သဘောထား

၁။ တိုင်းရင်းသားတိုင်းသည် မိမိသက်ဝင်ယုံကြည် ကိုးကွယ်ရာ ဘာသာကို လွတ်လပ်စွာကိုးကွယ် ယုံကြည်ခွင့် ရှိရမည်။

၂။ အခြားဘာသာ သာသနာကို ထိခိုက်နစ်နာမှုမရှိစေဘဲ အခြေခံဥပဒေနှင့်အညီ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ရှိအောင် ဖေါ်ဆောင်သွားမည်။

၃။ နိုင်ငံတော်အတွင်းရှိဘာသာ သာသနာအချင်းချင်း မေတ္တာရှေ့ထား၍ နားလည်မှု၊ သင့်မြတ်မှုအစဉ်ရှိနေရန် ဖေါ်ဆောင်သွားမည်။

(ဆ) နိုင်ငံခြားရေးနှင့်နိုင်ငံတကာဆက်ဆံရေး သဘောထား

၁။ လွတ်လပ်သောနိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးမည်။

၂။ နိုင်ငံတကာဆက်ဆံရေးတွင် ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းကာကွယ်ရန်နှင့်ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်ကို ကျင့်သုံးသွားမည်။

၃။ ကုလသမဂ္ဂပဋိညာန်စာချုပ်များကို လေးစားလိုက်နာ ဆောင်ရွက်သွားမည်။

(ဇ) ပါတီ၏ပူးပေါင်းဆောင်ရွက်ရေးမူဝါဒ သဘောထား

၁။ တရားဝင်ပါတီ အဖွဲ့အစည်းများအားလုံးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး တည်ဆောက် ရာတွင်လိုလားစိတ်အားထက်သန်သည့် လုပ်ဖော် ဆောင်ဖက်များ ဖြစ်သည်ဟု သဘောထားဆက်ဆံသွားမည်။

၂။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားအားလုံးတို့သည် နိုင်ငံတော်အာဏာ၏ မူလပိုင်ရှင်များ ဖြစ်ကြသကဲ့သို့ ၎င်းတို့နေထိုင်ရာ ဒေသများတွင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးများကို အစဉ်လုပ်ဆောင်သွားမည်။

(ဈ)သစ်တောနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒသဘောထား

၁။ သစ်တောများမပြုန်းတီးရေး၊ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြေရေးကို အစဉ်တစိုက် ဖော်ဆောင်သွားမည်။

၂။ အစုအဖွဲ့ပိုင်သစ်တောများ၊ ပုဂ္ဂလိကပိုင်သစ်တော စိုက်ခင်းများ ပိုမိုပေါ်ထွန်းလာရန် ဆောင်ရွက်သွားမည်။



## အခန်း(၄)

## ပါတီ၏ဖွဲ့စည်းပုံအဆင့်ဆင့်၊ စည်းမျဉ်းစည်းကမ်းများ။

၁၀။ ပါတီ၏ဖွဲ့စည်းပုံအဆင့်ဆင့်မှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ပါတီညီလာခံ

(ခ) ရွေးချယ်တင်မြှောက်ရေးကော်မရှင်အဖွဲ့

(ဂ) ပါတီ၏နာယကအဖွဲ့

(ဃ) ပါတီဗဟိုကော်မတီ

(င) တိုင်းဒေသကြီး (သို့) ပြည်နယ်ပါတီ

(စ) မြို့နယ်ပါတီ (ကော်မတီ)

(ဆ) ရပ်ကွက်/ကျေးရွာအုပ်စုပါတီ

(ဇ) ပါတီဝင်များ

၁၁။ ပါတီဗဟိုကော်မတီ၏ဖွဲ့စည်းပုံမှာ အောက်ပါအတိုင်းဖြစ်သည်။ လူဦးရေ (၁၇)ဦးဖြင့်ဖွဲ့စည်းသည်။

| | |
|---|---|
| (၁) ဥက္ကဋ္ဌ | -၁ ဦး |
| (၂) ဒု-ဥက္ကဋ္ဌ | -၂ ဦး |
| (၃) အထွေထွေအတွင်းရေးမှူး | -၁ ဦး |
| (၄) တွဲဖက်အထွေထွေအတွင်းရေးမှူး | -၁ ဦး |
| (၅) ငွေကြေးနှင့်ဘဏ္ဍာရေး | -၂ ဦး |
| (၆) စည်းရုံးရေးတာဝန်ခံ | -၃ ဦး |
| (၇) သတင်းပြန်ကြားရေးအဖွဲ့ | -၂ ဦး |
| (၈) စာရင်းစစ်အဖွဲ့ | -၂ ဦး |
| (၉) ဗဟိုရုံးလုပ်ငန်းအဖွဲ့ | -၃ ဦး |

(က) ပါတီကော်မတီအဆင့်ဆင့်၏သက်တမ်းသည် (၅)နှစ်ဖြစ်သည်။